
ဘောင်လေး
(အညတရ)
သေမင်းတမန်နှင့်
မရဏာကျိန်စာ

## သေမင်းတမန်နှင့်မရဏကျိန်စာ အခန်း(1)

အချိန်က ညဂုနာရီခွဲခန့်ရှိနေချေပြီ၊ အဲဒီအချိန် အင်းယားကန်ဘက်ကနေ မီးခိုးရောင်ကား တစ်စီးမောင်းနှင်လာတယ်။ ကားထဲမှာတော့ မိန်းကလေး နှစ်ယောက်နဲ့ ယောကျ်ားလေး နှစ်ယောက်ရှိ၏၊ သူတို့တွေက အသက်နှစ်ဆယ်ကျော်မျှသာ ရှိကြတဲ့လူငယ်တွေဖြစ်ကြ၏။သူတို့တွေက ရှေးဟောင်းသုတေသနဌာနမှာလုပ်နေကြတဲ့လူငယ်တွေဖြစ်ကြ၏။အခုလည်းသုတေသနလုပ်ရန်အလုပ်တစ်ခါပေါ်လာသဖြင့်လေးယောက်သား ဆွေးနွေးတိုင်ပင်ရန်ချိန်းလိုက်ကြခြင်းဖြစ်တယ်။

"ဟေမာန်နင်ပြောတာသေကောသေချာလို့လားခရီးကကြမ်းတယ်နော်"

"သေချာပါတယ်သစ္စာရယ်...ငါပြောရင်ဘယ်တုန်းကမမှန်တာရှိလို့လဲအခုလည်းငါပြောတဲ့လူမျိုးစုတွေကဟိုးအရင်နှစ်ပေါင်းများစွာကတည်းကရှိခဲ့တာသူတို့တွေကကျိန်စာမိထားကြတာအဲဒီတော့ပျောက်ဆုံးနေတဲ့လူမျိုးစုတွေကိုရှာဖွေသုတေသနလုပ်ရင်းနဲ့သူတို့မိထားတဲ့ကျိန်စာကိုပါဖျယ်ပေးခဲ့ရလိမ့်မယ်"

"ဒါဆိုလူမျိုးစုတွေနဲ့ပက်သတ်တဲ့မှတ်တမ်းတွေကောမရှိဘူးလား"

သူငယ်ချင်းဖြစ်သူမင်းကျော်ဝင်မေးလိုက်တာကြောင့်ဟေမာန်ခေါင်းငြိမ့်ပြပြီး...

"ရှိတာပေါ့ဟ"ဆိုပြီးပြုံးရွှင်နေတဲ့မျက်နှာထားနဲ့ပြောကာသူ့ကျောပိုးအိတ်ထဲကစာအုပ်အထူတစ်အုပ်ကိုထုတ်လိုက်၏။စာအုပ်ကဟောင်းနွမ်းနေပြီ

ဖြစ်ပေမဲ့အထဲကစာလုံးတွေကတော့သပ်ရပ်လှတယ်၊အဲဒီစာတွေကိုရေးတဲ့လူရဲ့လက်ရေးကလည်းစံပြပါပဲ၊စာအုပ်ထဲမှာတော့အလွန်ဆန်းပြားတဲ့လူမျိုးစုတစ်စုအကြောင်းရေးထားတယ်။

အေဒီ၁၅ရာစု...

လွန်ခဲ့တဲ့နှစ်ပေါင်း၁၅ဝဝလောက်ကအီဂျစ်နိုင်ငံကိုဖာရိုဘုရင်ကြီးများအုပ်စိုးစဉ်ဧရာဆိုတဲ့နိုင်ငံငယ်လေးမှာရိုဖစ်ဆိုတဲ့လူမျိုးစုတစ်စုနေထိုင်ခဲ့တယ်။အဲဒီနိုင်ငံငယ်လေးကိုမာလစ်ဆိုတဲ့ဘုရင်တစ်ပါးကအုပ်စိုးတယ်၊နိုင်ငံငယ်လေးဆိုပေမဲ့ခိုးဆိုး၊လုနှိုက်တာတွေမရှိဘဲစည်းစည်းလုံးလုံးအေးအေးချမ်းချမ်းနေထိုင်ကြ၏။တစ်နေ့မှာတော့အီဂျစ်ပြည်ကြီးကိုတခြားတစ်နိုင်ငံကသိမ်းပိုက်ရန်စစ်တပ်များဖြင့်စုစည်းပြီးအလစ်အငိုက်ဝင်တိုက်ခဲ့ကြ၏။ရုတ်တရက်ဝင်တိုက်ခံလိုက်ရတာကြောင့်ဘာမှပြင်ဆင်မှု မရှိသေးတဲ့အီဂျစ်ပြည်ကြီးနှင့်အတူဧရာနိုင်ငံအပါအဝင်တခြားနိုင်ငံတွေလည်းအဲဒီနိုင်ငံရဲ့လက်အောက်ကရောက်သွားခဲ့တယ်။အဲဒီနိုင်ငံကအာဏာသိမ်းပြီးတာနဲ့တပြိုင်နက်ပြည်သူတွေကိုအမျိုးမျိုးနှိပ်စက်တယ်။

နေ့တိုင်းလိုလိုဆင်းရဲဒုက္ခတွေပေးပြီးနှိပ်စက်နေတာကြောင့်ဧရာနိုင်ငံလေးကဘုရင်ကတောနက်ထဲသွားကာသူ့အဖိုးပေးခဲ့တဲ့အရုပ်လေးကိုထုတ်ပြီးမြေပြင်ပစ်ချလိုက်တယ်။ပြီးတော့ပါးစပ်ကနေဂါထာလေးတစ်ပုဒ်ကိုရွတ်လိုက်တယ်။

အဲဒီအခါမြေပြင်မှာပြုတ်ကြနေတဲ့အရုပ်လေးကတဖြည်းဖြည်းနဲ့ကြီးလာပြီးဧရာမသတ္တဝါကြီးတစ်ကောင်ဖြစ်သွား၏၊ဘုရင်ကြီးကဧရာမအကောင်ကြီးကိုကြည့်ကာ...

"မိစ္ဆာကြီးရေမင်းငါ့ပြည်သူတွေကိုငါ့အစားကာကွယ်ပေးပါ"

အဲဒီလိုပြောပြီးသူ့နိုင်ငံဘက်ကိုလှည့်ကာ...

"ငါ့နိုင်ငံကြီးနဲ့ငါ့ပြည်သူတွေကိုနှိပ်စက်တဲ့ကောင်တွေမင်းတို့သေတာ တောင်မကျွတ်မလွတ်ဘဝနဲ့နေရပါစေလို့ငါကျိန်စာတိုက်တယ်"

အဲ့လိုပြောပြီးမိစ္ဆာကြီးရဲ့အရှေ့မှာခေါင်းထိုးခံလိုက်၏၊မိစ္ဆာကောင်ကြီးက လည်းဘုရင်ကြီးကို ဝါးမျိုစားသောက်သွားတယ်။ဘုရင်ကြီးသေသွားတာနဲ့ တပြိုင်နက် မိစ္ဆာကြီးကမြို့ထဲကိုဝင်သွားပြီးအီဂျစ်ပြည်ကြီးအပါအဝင်ရော နိုင်ငံလေးကိုသိမ်းပိုက်ထားတဲ့ဘုရင်နဲ့စစ်သားတွေကိုလိုက်လံခြောက်လှန့် ကာမောင်းထုတ်ခဲ့၏၊ဒီလိုနဲ့တိုင်းတစ်ပါးရဲ့လက်အောက်မှာနေရတဲ့အီဂျစ် ပြည်ကြီးကလည်းအရင်လိုပြန်သာယာလာခဲ့၏။

ဒါပေမဲ့ သူတို့နိုင်ငံကဘုရင်ပျောက်သွားတာကြောင့်လိုက်ရှာခဲ့ကြသေး၏၊ အကြောင်းအရင်းမှန်ကိုတော့ဘယ်သူမှမသိကြပါဘူး၊ဒီလိုနဲ့ရှာလို့မတွေ့ တာကြောင့်ဘုရင်အသစ်တင်ပြီးတိုင်းပြည်ကိုအေးချမ်းစွာနဲ့ပြည်လည် နေထိုင်ခဲ့ကြ၏၊အဲဒီလိုနေထိုင်ရင်းနဲ့သတင်းတစ်ခုကထွက်လာ၏၊သူတို့ နိုင်ငံကိုအရင်တုန်းကတိုက်ခိုက်သိမ်းပိုက်ခဲ့တဲ့တိုင်းပြည်ဟာရုတ်တရက် အမည်မသိတဲ့သတ္တဝါဆန်းကြီးရဲ့ဝင်ရောက်တိုက်ခိုက်ခံရပြီးတိုင်းပြည် လည်းပျက်စီးခဲ့တယ်။

ဒီကြားထဲရှိဖစ်တိုင်းပြည်ကဘုရင်ရဲ့ကျိန်စာတိုက်မှုကြောင့်ထိုလူမျိုးစု နိုင်ငံဟာသေခဲ့တာတောင်ဘယ်လူမျိုးကမှမကျွတ်မလွတ်ဘဲ ကျိန်စာ ဒဏ်ထိကာနေခဲ့ကြ၏။ဒီလိုနဲ့နှစ်တွေကြာလာတော့ရှိဖစ်လူမျိုးစုတွေလည်း တဖြည်းဖြည်းနဲ့နည်းပါးလာပြီးနောက်ဆုံးမျိုးတုံးပျောက်ကွယ်ကုန်ကြ၏။

(ဖြည့်စွက်=စာအုပ်ထဲကအကြောင်းအရာကိုစိတ်ကူးယှဉ်ပြီးအကျဉ်းချုပ် ရေးခြင်းဖြစ်သည်)

ဟေမာန်နဲ့သူငယ်ချင်းတစ်စုလူမျိုးစုသမိုင်းအကြောင်းစာအုပ်လေးကို စိတ်ဝင်စားစွာဖတ်ရှုရင်းခေါင်းတညိတ်ညိတ် လုပ်ကာ...

"ဒါနဲ့နင်ဒီစာအုပ်ကိုဘယ်ကရတာလဲပြီးတော့လူမျိုးစုတွေအကြောင်းကိုကောဘယ်လိုသိတာလဲ"

သူငယ်ချင်းဖြစ်သူသစ္စာရဲ့ အမေးကြောင့်ဟေမာန်သက်ပြင်းရှည်ကြီးကိုချကာ...

"ငါဖြစ်ပုံကဆန်းတယ်ဟနင့်တို့ကိုပြောပြရင်မယုံမှာစိုးလို့"

"ပြောမှာသာပြောစမ်းပါဟာငါတို့ယုံတယ်"

"အေးအဲဒါဆိုငါပြောပြမယ်ငါအရင်ပတ်တနင်္ဂနွေနေ့တုန်းကအိမ်မှာနေရတာပျင်းလို့ငါတို့အိမ်အောက်ကမြေအောက်အခန်းကိုဒယ်ဒီမသိအောင်ခိုးဝင်ပြီးစပ်စုတာအခန်းထဲမှာမှောင်မဲနေတဲ့ဥမင်လှိုင်ခေါင်းတစ်ခုရှိတယ်။အဲဒီလှိုင်ခေါင်းကိုတော့ငါမဝင်ခဲ့ဘူး၊ဒါပေမဲ့အဲဒီနားမှာအခန်းတစ်ခန်းကိုတွေ့လို့ ငါဝင်ကြည့်လိုက်တာအခန်းကမဝင်တာကြာလို့လားမသိဘူး၊ဖုန်တွေတောင်တက်နေပြီဒါနဲ့ငါလည်းအခန်းထဲဝင်ကြည့်တာအထဲကဟောင်းနွမ်းနေတဲ့ခုံပေါ်မှာစာအုပ်တစ်အုပ်တွေ့တယ်။

ဒါနဲ့ငါလည်းစာအုပ်ကိုယူလာပြီးမြေအောက်အခန်းထဲကနေထွက်ပြီးငါ့အခန်းထဲမှာအဲ့စာအုပ်ကိုဖတ်နေတာ။အဲ့လိုဖတ်နေရင်းနဲ့ငါအိပ်ပျော်သွားတာအိပ်မက်ထဲမှာငါတစ်ခါမှမမြင်ဖူးတဲ့လူမျိုးတွေကငါ့ကိုသနားစရာမျက်လုံးတွေနဲ့ကြည့်နေတာငါလည်းသူတို့ကိုမမြင်ဖူးတာကြောင့်ကြောက်နေတဲ့အချိန်အဲဒီလူမျိုးစုတွေထဲကခေါင်းဆောင်ဖြစ်ဟန်တူတဲ့လူတစ်ယောက်ကထွက်လာပြီးငါ့ကိုစကားပြောတယ်။

"ကောင်မလေးငါတို့ကမင်းဖတ်နေတဲ့စာအုပ်ထဲကလူမျိုးစုတွေပါငါတို့ကျိန်စာသင့်နေကြတာပါ"

"ရှင်တို့ကဘာလို့ကျိန်စာသင့်နေကြတာလဲ"

"ငါတို့သိမ်းပိုက်ခဲ့တဲ့တိုင်းပြည်ကဘုရင်ရဲ့ကျိန်စာတိုက်မှုကြောင့်အခုလို မကျွတ်မလွတ်ဖြစ်နေတာပါ"

"ဩော်တော်တော်ကြောက်စရာကောင်းပါလား"

"ကောင်မလေးမင်းငါတို့ကိုကျိန်စာကနေလွတ်အောင်ကူညီနိုင်မလားမင်း ကိုတစ်သက်စားမကုန်တဲ့ရတနာတွေပေးမယ်"

အဲဒီလူရဲ့စကားကြောင့်ဟေမာန်အနည်းငယ်တွေဝေသွားပြီး ခေတ္တ စဉ်းစားလိုက်တယ်၊သူကိုယ်တိုင်ကလည်းသုတေသနဌာနမှာလုပ်နေတာ ဖြစ်တာကြောင့်ဒီလူမျိုးစုတွေအကြောင်းကိုမှတ်တမ်းပြုစုရင်အတော်လေး အောင်မြင်မှာပဲလို့စိတ်ကူးရလိုက်၏။

"ကောင်းပြီလေကျွန်မရှင့်တို့ကိုကူညီမယ်ကျွန်မရတနာတွေကိုလိုချင်လို့ မဟုတ်ဘူးနော်၊ရှင်တို့အကြောင်းကိုသုတေသနပြုလုပ်ချင်လို့ဒါနဲ့ဘယ်လို ကူညီမှာလဲ"

"မင်းခရီးထွက်ရမှာမင်းတစ်ယောက်တည်းထွက်လို့မရဘူးမင်း သူငယ်ချင်းတွေပါခေါ်မှရမှာ"

"ခရီးထွက်ရမှာလားအင်းပေ့ါလေထွက်ရတာပေ့ါဒါနဲ့ဘယ်ကိုသွားရမှာ လဲ"

"မင်းအရင်ဆုံးသွားရမယ့်လမ်းကမင်းတို့အိမ်အောက်ကဥမင်ကနေသွားရ မှာ"

"ဟင်အဲဒီအပေါက်ကနေသွားရမှာလားကြောက်စရာကြီးအထဲကမှောင်မဲ နေတာကို"

"မကြောက်ပါနဲ့အရင်ဆုံးသွားရမယ့်လမ်းကဘာအန္တရာယ်မှမရှိပါဘူး ဒါပေမဲ့လမ်းခရီးတစ်ဝက်လောက်ကျရင်အခက်အခဲတွေရှိတယ်မင်းတို့

သတိထားနိုင်မှရမယ်"

"ကောင်းပြီလေအဲ့လိုဆိုတော့ကျွန်မလည်းစိတ်ဝင်စားတယ်သူငယ်ချင်းတွေကိုတော့ပြောကြည့်ဦးမယ်"

"ကျေးဇူးတင်ပါတယ်ကောင်မလေးမင်းလမ်းခရီးအတွက်လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ငါအသုံးစရိတ်ပေးမယ်ပြီးတော့လမ်းညွှန်မြေပုံကိုလည်းထည့်ပေးလိုက်မယ်ပြီးတော့မင်းတို့အဓိကလုပ်ရမှာကလမ်းခရီးအဆုံးမှာရှိတဲ့မိစ္ဆာရုပ်ထုကြီးကိုဖျက်ဆီးပစ်ခဲ့ရမှာအဲဒါမှငါတို့ကျိန်စာကလွတ်နိုင်မယ်"

အဲဒီလိုပြောပြီးဟေမာန်လက်ထဲကိုအထုပ်လေးတစ်ထုပ်ထည့်ပေးကာပျောက်ကွယ်သွား၏။တစ်ဆက်တည်းမှာပဲဟေမာန်လည်း အိပ်မက်ထဲကနေလန့်နိုးလာတယ်။ဒါနဲ့ငါလည်းလက်ထဲကိုသေချာကြည့်လိုက်တော့အထုပ်ထဲမှာမြေပုံတစ်ခုနဲ့ရွှေဒင်္ဂါးအနည်းငယ်ကိုတွေ့ရတယ်။အဲဒီတော့မှငါလည်းအိပ်မက်ကအမှန်တစ်ကယ်ပဲဆိုတာယုံတော့တယ်။

"တော်တော်စိတ်ဝင်စားဖို့ကောင်းတာပဲဒါနဲ့ရွှေဒင်္ဂါးတွေဘယ်ရောက်သွားပြီလဲ"

"ရောင်းလိုက်ပြီလေခရီးအတွက်လိုအပ်တာတွေဝယ်ပြီးပြီနင်တို့လိုက်မလားမလိုက်ဘူးလားပဲမေးဖို့ကျန်တော့တယ်"

"လိုက်မယ်"

"ငါတို့အကုန်လိုက်မယ်"

ကားမောင်းနေတဲ့သူရိန်အပါအဝင်လေးယောက်သားပြိုင်တူဖြေလိုက်တယ်။အဲဒီအချိန်ဟေမာန်သူငယ်ချင်းသစ္စာကတစ်ခုခုကိုသတိရတဲ့ဟန်နဲ့ဟေမာန်ကိုပြောလိုက်တယ်။

"ဟေမာန်နင်ရာဇာကိုပါခေါ်ကြည့်ပါလားသူကသတ္တိကောင်းတော့ငါတို့

အဖွဲ့ပိုတောင့်တာပေါ့"

ရာဇာဆိုတဲ့နာမည်ကြောင့်ဟေမာန်ရဲ့အတွေးစိတ်တွေကတစ်နေရာကိုလွှင့်ပျံသွားခဲ့၏။ရာဇာဆိုတာကသူတို့ကျောင်းကို၁၀တန်းနှစ်ကပြောင်းလာတဲ့ခပ်ချောချောခပ်ချေချေကောင်လေးတစ်ယောက်ပေါ့၊ရုပ်ကလည်းချောစာကလည်းတော်တော့သူ့အနားမှာကောင်မလေးတွေဆိုဝိုင်းနေတာပေါ့။

ဒီကြားထဲသူကလူမိုက်ဆန်ပြီးသတ္တိကောင်းတာကြောင့်ကောင်မလေးတွေကပိုကြွေကြ၏။ဒီလိုနဲ့ဆယ်တန်းတွေဖြေကြပြီးကျောင်းတွေပြီးလို့တက္ကသိုလ်တွေတက်ကြသည်အထိသူနဲ့ဆုံဖြစ်တယ်။ဒါပေမဲ့စကားတော့မပြောဖြစ်ကြဘူး။

သူလည်းသူ့အလုပ်နဲ့သူကိုယ်လည်းကိုယ့်ပညာရေးနဲ့ကိုယ်ဆိုတော့စကားပြောချင်တာတောင်ခပ်တည်တည်ပဲနေခဲ့ကြတယ်။ဒီလိုနဲ့တက္ကသိုလ်တွေတက်ကြပြီးဘွဲ့ရသည်အထိနှစ်ယောက်သားမာနတွေကြီးနေခဲ့ကြတယ်။

လောကကြီးကဆန်းပြားလွန်းတယ်သူနဲ့တွေ့ဖို့ရေစက် ပါလာတာကြောင့်လားမသိဘူး၊ဘွဲ့ရပြီးမကြာဘူးဟေမာန်သုတေသနဌာနမှာအလုပ်ဝင်လုပ်တယ်။ဆန်းပြားလွန်းတဲ့ကံကြမ္မာကြောင့်သူနဲ့အလုပ်မှာထပ်တွေ့ကြရတယ်။

သူကသုတေသနလုပ်တာဝါသနာပါမှန်းအစကဟေမာန်မသိခဲ့ဘူး၊သူနဲ့လုပ်ဖော်ကိုင်ဖက်တစ်ယောက်ဆီကနေသူ့ဘဝတစ်စိတ်တစ်ပိုင်းကိုသိခွင့်ရခဲ့တယ်။သူကခရီးထွက်ပြီးသုတေသနလုပ်ရတာကိုသဘောကျတယ်လို့ပြောဖူးတယ်။

ဒီလိုနဲ့ဌာနတစ်ခုထဲမှာအတူတူလုပ်လာရင်းကျောင်းတုန်းကစကားမပြောဘဲမာနကြီးလာကြတဲ့သူနှစ်ယောက်ကအခုတော့စကားတွေဘာတွေနည်း

နည်းပါးပါးပြောစပြုလာ၏။

သူနဲ့စကားသိပ်မပြောဖြစ်ပေမဲ့သူနဲ့စကားပြောရတဲ့အချိန်ခဏလေးက ဟေမာန်ရဲ့စိတ်ကဘာကြောင့်မှန်းမသိဘူး၊ပျော်ရွှင်နေတယ်။သူက သဘောကောင်းပါတယ်၊မာနကြီးတယ်ထင်ရပေမဲ့အချိန်ခဏလေးအတွင်း မှာသူ့ရဲ့ဖြူစင်တဲ့အတွင်းစိတ်ကိုသိခဲ့ရတယ်။

"ဟေမာန်ဟေမာန်"

သူငယ်ချင်းဖြစ်သူသစ္စာရဲ့ခေါ်သံကြောင့်ဟေမာန်အတွေးစိတ်တွေပျောက် ကွယ်သွားတယ်။

"ဘာတုန်းဟနင်ကလည်း"

"နင်ကလည်း လုပ်မနေနဲ့ဘယ်သူ့အကြောင်းတွေကိုတွေးနေတာမို့လို့အဲ့ လောက်ခေါ်မကြားအော်မကြားဖြစ်နေတာလဲ"

"ဒီလိုပါပဲဟာဟိုအကြောင်းဒီအကြောင်းပေါ့"

"အမယ်...ငါသိနေတယ်နော်နင်ရာဇာအကြောင်းတွေးနေတာမလား မလိမ်ချင်စမ်းပါနဲ့"

"ဟာနင်နော်ငါကဘာလို့သူ့အကြောင်းတွေးရမှာလဲမဟုတ်တာတွေမ ပြောနဲ့"

"အမယ်...ကောင်မလေးကရှက်သွားတာလား"

"ဟာ...နင်ပြောလေကဲလေပါလားကဲဟယ်...ကဲဟယ်"

ဟေမာန်စိတ်တိုတိုနဲ့သစ္စာရဲ့လက်မောင်းတွေကိုတဖုန်းဖုန်းထုထည့်လိုက် တယ်။သစ္စာကမနာတဲ့အပြင်ပိုပြီးတော့တောင်မျက်နှာပြောင်လာတယ်။ မင်းကျော်နဲ့သူရိန်ကတော့ဟေမာန်တို့ကိုကြည့်ပြီးတစ်ခွီးခွီးနဲ့လှောင်နေပါ တော့တယ်။

*****

"ဒေါက်...ဒေါက်"

"ဝင်ခဲ့ပါ"

"ဟင်ဟေမာန်ပါလား"

တံခါးခေါက်ပြီးတွန်းဖွင့်လာတဲ့လူကသူ့ဆီတစ်ခါမှမလာဖူးတဲ့ဟေမာန်ဖြစ်နေတာကြောင့်ရာဇာအံ့ဩသွားမိ၏။

"ထိုင်ပါဟေမာန်မလာစဖူးလာလို့ပါလားကိစ္စရှိလို့ထင်တယ်"

"ဟုတ်တယ်ကိုရာဇာနဲ့ကိစ္စလေးတစ်ခုတိုင်ပင်ချင်လို့"

"ပြောပါဦးဘာကိစ္စများလဲ"

ဟေမာန်ကလည်းအကြောင်းအရာကိုပွင့်ပွင့်လင်းလင်းပဲပြောပြလိုက်တယ်။ဟေမာန်ပြောပြတဲ့အကြောင်းတွေကိုကြားတော့ရာဇာခေါင်းတညိတ်ညိတ် လုပ်ပြီး...

"အင်းဟေမာန်ပြောတဲ့အကြောင်းအရာကစိတ်ဝင်စားစရာပါပဲဘာပဲဖြစ်ဖြစ်သုတေသနလုပ်မှာဆိုတော့ကျွန်တော်လိုက်ပါ့မယ်ဘယ်တော့သွားကြမှာလဲ"

"ဒီတစ်ပတ်တနင်္ဂနွေနေ့သွားဖြစ်မယ်"

"ကောင်းပါပြီကျွန်တော်လိုက်ခဲ့မယ်"

"ကျေးဇူးတင်ပါတယ်ကိုရာဇာအခုလိုကမ်းလှမ်းတာကိုလက်ခံတဲ့အတွက်"

"ရပါတယ်အချင်းချင်းပဲကျေးဇူးတင်စရာမလိုပါဘူး"

"ဟုတ်အဲဒါဆိုဟေမာန်ကိုသွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ဟေမာန်ရာဇာကိုနှုတ်ဆက်ပြီးအခန်းထဲကထွက်လာ၏။သူနဲ့စကားပြော နေချိန်ရင်တွေ ဘာလို့ခုန်နေမှန်း မသိဘူး။ ဘာပဲဖြစ်ဖြစ်ရာဇာပါမယ်ဆို တော့စိတ်ထဲကနေပျော်နေမိတယ်။ဒီလိုနဲ့ကျွန်မတို့ရဲ့စွန့်စားတဲ့သုတေသန ခရီးစတင်ခဲ့ပါတယ်။

***